
# အမွှေးရှု–မာကျယ်မြို့နယ် နေရာတကာ ပန်းဝေဆာ



မာကျယ်မြို့နယ်သည် လော်ဖင်ခရိုင်အစိုးရရုံးစိုက်ရာမြို့၏ မြောက်ဖက် (၅၀)ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ နှစ်စဉ် မတ်လ၊ ဧပြီလပိုင်းတွင် မာကျယ်ဒေသ၏ ဝူလီကျင့်တောင်ပေါ်ရှိ ပန်းများသည် ဝေဝေဆာဆာဖူးပွင့်ပါတော့သည်။

ဝူလီကျင့်တောင်ကို မတက်သေးမီ ဒေသခံရွာသားများက သတင်းထောက်အား တောင်ပေါ်တွင် သဘာဝပေါက်သော ဇလပ်ပန်း၊ တရုတ်ဖယောင်းပန်း၊ ကုက္ကိုပန်းစသည့် ပန်းများရှိပြီး ဧရိယာအကျယ်အဝန်းမှာ မိုင်ပေါင်း (၄)သောင်းကျော်ရှိကြောင်း ပြောပြပေးခဲ့သည်။ အထက်ပါအကြောင်းကို ကြားရသော်ရင်တွင်း၌ လှိုင်းတလိမ့်လိမ့်ထသည့်အလား လိုက်လိုက်လှဲလှဲကြွကြွရွရွ ဖြစ်မိပြီး ချက်ချင်းမြင်တွေ့နိုင်ရန် စိတ်အားထက်သန် လျက်ရှိပါတော့သည်။

တောင်ထိပ်သို့ ရောက်ရှိသောအခါ ဇလပ်ပန်း၊ တရုတ်ဖယောင်းပန်း၊ ကုက္ကိုပန်း စသည့်ပန်းများသည် အစုလိုက် အပြုံလိုက် ဖူးပွင့်နေရာပန်းများ၏ လှပမှု၊ ထည်ဝါသိုက်မြိုက်မှုမှာ ယှဉ်ပြိုင်၍မရနိုင်ပါ။ အနီရောင်၊ အဖြူရောင်၊ ပန်းရောင်ပန်းပွင့်များသည်အလှအယက် ဖူးပွင့်ပြီး အလှပြိုင်ကြတော့သည်။ တစ်ဖက်က ညိုးနွမ်းလျှင် ကျန်တစ်ဖက်မှ ဖူးပွင့်ပြန်သည်။

သဘာဝပေါက်ပန်းများသည် တောင်ရိုးကို လွှမ်းမိုးထားပြီး တောင်ရိုးကလည်း ပန်းများကို ပွေ့ဖက်ထားကာ တောင်နှင့် ပန်းသည် အချင်းချင်း ချစ်ကြကြင်ကြသည်။ ပန်းပင်လယ်ကြီး ထွန်းပေါ်လာသည့်ပမာ လှပပါသည်။

ပန်းများ ရွှန်းတင့်ဝေဆာ နေသည့်အကြား၌ အသည်းနှလုံးဖြန့်ထားပြီး စိတ်ကြည်နူးပီတိစေသော တလှိုင်လှိုင် အမွှေးကိုဖြည်းညင်းစွာရှူသွင်းလိုက်လျှင် အနည်းငယ်မျှ ရှူမထုတ်ရက်ဘဲ အဆုံးမသိအောင် ပြန်ပြောင်း အရသာခံစေနိုင်သည်။ တောင်ထိပ်ပေါ်မှ တောင်အောက်သို့ငုံ့ကြည့်လိုက်ပါက ဝေဝေဆာဆာ ဖူးပွင့်နေသောပန်းများသည် မားမားမတ်မတ်ရပ်နေသော ယောကျ်ားပမာ ကြံ့ခိုင်သန်မာပြီး ခက်မာလှသည်။ အပေါ်တက်ပြီး အပေါ်ထပ်တက်သည်။ တောင်အောက်ခြေမှတောင်ထိပ်အပေါ်သို့ မော့ကြည့်ပါက အိပ်ရာမှနိုးလာသော မိန်းကလေးအလားချောမောလှပပြီး နွေဦးရာသီ မိုးရေ၏စိုပြေမှုအောက်တွင် ပြောမပြတတ်သော ရှက်စနိုးမျက်နှာလေးနှင့် ချစ်စရာပင်ဖြစ်သည်။

မိတ်ဆက်ခြင်းမှ သိရသည်မှာ လော်ဖင်ခရိုင်နှင့် ယူနန်ပြည်နယ်တွင်မြို့နယ်တစ်ခုတည်း၌ ဤမျှအတိုင်းအတာကြီးမားသော အစုလိုက်အပြုံလိုက် ဖူးပွင့်သော သဘာဝပေါက်ပန်းပင်လယ်ကြီးသည် မာကျယ်မှတစ်ပါး အခြားမည်သည့်နေရာမျှ တွေ့မြင်နိုင်မှာမဟုတ်ပါ။ ပန်းချိန်သည် ဖေဖော်ဝါရီလကုန်မှ ဧပြီလဆန်းအထိဖူးပွင့်ပြီး မတ်လဒုတိယဆယ်ရက်ပိုင်းတွင် အဝေဆာဆုံးကာလ ဖြစ်သည်။ ဇလပ်ပန်း၊ တရုတ်ဖယောင်းပန်း၊ ကုက္ကိုပန်းစသည့် ပန်းပင်များ၏အရှည်ဆုံးသက်တမ်းမှာ နှစ်ပေါင်းနှစ်ရာကျော်ရှိပြီဖြစ်ပြီး အတိုဆုံးသက်တမ်းမှာလည်း အနှစ်လေးငါးဆယ်ခန့်ကြာခဲ့ပြီဖြစ်သည်။

## လော်ဖင်–လူသူမသိသေးဘဲ တမူထူးခြားသောရှုခင်း

လော်ဖင်ကို ပြောစပ်မိလျှင် အများက နာမည်ကျော်ကြားလှသော မုန်ညင်းပန်းကို အလိုအလျောက် သတိရကြမည်ဖြစ်သည်။ ပန်းပွင့်လျှင် ပန်းညိုးနွမ်းချိန်ရှိစမြဲပင်ဖြစ်သည်။ ပန်းများညိုးနွမ်းသွားသည့်အခါ အများက လော်ဖင်သို့ ခရီးသွားလျှင် မည်သည့်နေရာများကို သွားရောက် ကြည့်ရှုနိုင်သနည်း။ စင်စစ်မှာ မုန်ညင်းပန်း၊ နဂါးကိုးကောင်ရေတံခွန်၊ တော်ယီးမြစ်စသည့်လူသိနတ်ကြားသော ရှုခင်းများအပြင် လော်ဖင်၏ မာကျယ်မြို့နယ်၊ဖုလော့မြို့ဟောင်းတို့မှာလည်း တမူထူးခြားသောရှုခင်းများရှိသေးသည်။ ယင်းရှုခင်းများသည် အများအတွက် မသိရသေးဘဲ "အိမ်တွင်းပုန်း၍ လူမသိ" ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

# သမိုင်းရှာ–ဖုလော့မြို့ဟောင်းတွင် ရှေးဟောင်းအရောင်အဆင်းနှင့်ပြည့်စုံ



▶ မာကျယ်မြို့နယ်ကို ဖြတ်ကျော်ပြီး မြောက်ဘက်သို့ ကီလိုမီတာ(၅၀) နီးပါး သွားလိုက်လျှင် ဖုလော့မြို့ဟောင်းကို ရောက်ရှိသွားမည်ဖြစ်သည်။ ဖုလော့၏ အစောဆုံးသောအမည်မှာ "မင်ကြားရွာ" ဟုခေါ်သည်။ ထိုစဉ်လူနေအိမ်ခြေ မများလှပါ။ ထိုနောက်လျှိုကျိုယွမ်ခေါ် သူတောင်းစားတစ်ယောက်က ယင်းနေရာသို့ရောက်ရှိ၍ ရွာသူရွာသားများကို ဦးဆောင်ပြီး သတ္တုတူးဖော်ခဲ့ကြောင်း၊ ဤသို့နှင့် "ပေးကျယ့်စက်ရုံ"ဟူ၍ အမည် တွင်ခဲ့ကြောင်း ပြောစမှတ် ပြုကြသည်။

ဖုလော့ဒေသ၏ သတ္တုလုပ်ငန်းသည် တရုတ်မင်မင်းဆက်နှောင်းပိုင်းနှင့် ချင်မင်းဆက်ဦးပိုင်းကာလတွင် စတင်ထွန်းကားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က သူပုန်တပ်ခေါင်းဆောင်ဖြစ်သူ စွမ်ခိုဝမ့်သည် ကူမင်းမြို့တွင် မင်းပြုပြီးသည့်နောက် ၄င်း၏လက်အောက် တပ်မှူးကြီးဖြစ်သူ လီတင့်ကော်၏စစ်သည်တစ်သိန်းသည် ဖုလော့သို့ချီတက်လာရာ ဖုလော့မြို့နယ်၏ ခဲမဖြူ၊ သွပ်သတ္တုများတူးဖော်ထုတ်လုပ်ကျိချက်ရေးလုပ်ငန်းသည် အမြင့်ဆုံးသောကာလသို့ ရောက်ရှိစေခဲ့သည်။ ၄င်းနှင့်တစ်ချိန်တည်းတွင်ပင် ဟူနန်၊ ဟူပေ၊ ကွမ်တုံး၊ ကွမ်ရှီး၊ ကျန်းရှီး၊ စီချွမ်း၊ ကွေ့ကျိုးစသည့်ဒေသများမှ ရင်းနှီးမြှုပ်နှံသူ၊ လုပ်သားများသည် ဖုလော့သို့ စုဝေးလာကြပြီး သားရေလုပ်ငန်း၊ ရှာလကာရည်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ကြွေထည်လုပ်ငန်း၊ ငွေထည် လုပ်ငန်း၊ သံထည်လုပ်ငန်းစသည့် လုပ်ငန်းအမျိုးမျိုးသည် အလွန်ထွန်းကားခဲ့ကြောင်း သိရပါသည်။

ဖုလော့ရောက်လာလျှင် သွားရောက်ကြည့်ရှုရမည့် ရှုခင်းမှာပြီး ပြည့်စုံစွာ ထိန်းသိမ်းထားနိုင်ခဲ့သော ကျုံထျန်းတုပ်ကဲ့ခေါ်ကျောင်းတော်ဖြစ်သည်။ ကျုံထျန်းတုပ်ကဲ့ခေါ် ကျောင်းတော်ကို ယွိဟွမ်ကဲ့ကျောင်းတော်ဟု လည်းခေါ်တွင်ပြီး ၁၇၇၇ခုနှစ်တွင်တည်ဆောက်ခဲ့ ခြင်းဖြစ်သည်။ ထိုစဉ် တရုတ်ချင်းမင်းဆက်၏ အာဏာညောင်းမှုသည် ဖုလော့ကဲ့သို့သော နယ်စပ်အစွန်အဖျားရှိ မြို့ကလေးသို့ရောက်မလာနိုင်သေးသဖြင့် အဆောက်အဦး၏ ဟန်ပန်စတိုင်လ်သည် တရုတ်မင်မင်းဆက်အတိုင်သာ ရှိနေသေးသည်။

ဖုလော့မြို့ဟောင်းကို တောင်ခါးပန်းအတိုင်း တည်ဆောက်ထားခြင်းဖြစ်သည်။ လမ်းဟောင်းပေါ်လမ်းလျှောက်ပါကနှစ်ဖက်နှစ်ချက်တွင် အဆောက်အဦးဟောင်းတွေဖြစ်ပါသည်။ မြို့တွင်းရှိ အသင့်အတင့်ညီညာပြန့်ပြူးသည့် နေရာကို စန့်ဖင်လမ်းဟုခေါ်ပြီး အလယ်ရှိ အသင့်အတင့် မတ်စောက်သည့်နေရာကို တို(မတ်စောက်)လမ်း၊ အောက်ပိုင်းရှိ အသင့်အတင့်ညီညာသည့်နေရာကို ရှာဖင်လမ်းဟုခေါ်တွင်သည်။ ယင်းလမ်း(၃)လမ်းစလုံးမှာ ထူးခြားချက်တစ်ချက်ရှိသည်။ ဤသည်မှာအိမ်တိုင်းလိုလို တံခါးရှေ့တွင် ဆိုင်ခန်းရှိသည်။

ယင်းဆိုင်ခန်းများကို အရောင်းအဝယ်လုပ်ရန်ဖြစ်သည်။ မုန့်လက်ဆောင်း၊ မီးရှို့ကန်တော့ရန်စက္ကူ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ လယ်သုံးကိရိယာ စသည့်ပစ္စည်းမျိုးစုံကို ရောင်းချသည်။

ဖုလော့မြို့ဟောင်းကို ရောက်ရှိလာလျှင် စားကောင်းသောက်ဖွယ်များကိုလည်း လက်လွှတ်မခံသင့်ပေ။ ဥပမာ အမဲခြောက်၊ မုန့်လက်ဆောင်း၊ အဝါမုန့်ဖတ်စသည်တို့ဖြစ်သည်။ နာမည်အကျော်ကြားဆုံးမှာ ဖုလော့ဝက်သားကျွတ်ကြော်ဖြစ်သည်။ ချက်ပြုတ်ရာတွင် အဆီမပါသော ဝက်သားကို ရွေးချယ်ပြီး ပျားရည်၊ ဂျင်းအနှစ်၊ ကြက်သွန်အနှစ်၊ ကြက်ဥ၊ ငရုတ်ကောင်း၊ စမုန်စပါး စသည့်အဆာပလာများဖြင့် အဆီမပါသောဝက်သားကို ရောနယ်ရသည်။ ဆီအိုးထဲသို့ တစ်ဖွန်းပြီး တစ်ဖွန်းခပ်ပြီး ကြော်ရသည်။ ဝက်သားကို နီညိုရောင်သို့ပြောင်းသွားသော အခါကျမှ ဆယ်ယူရသည်။ ပူတုန်းစားရလျှင် အရသာကောင်းလွန်းသဖြင့် သွားရည်ကျအောင်စားချင်စေသည်။

(ကျန်တာ့စင်း)